ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြောင်မြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း )

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

သရက်သာကျေးရွာအုပ်စု၊ သရက်သာကျေးရွာ မြောင်မြို့နယ် ၂၀၁၇

# မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။မြို့နယ်မြေပုံ


မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ = ၂ မိုင်
စစ်ကိုင်းတိုင်းဒေသကြီး
ရွှေဘိုမြို့နယ်
မြင်းမူမြို့နယ်
ဝါးနိုးရွှေမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
33/11 KV,5MVA
70 mm2
1KV
95 mm2
66KV
ACSR 150 mm2
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

**၂။ကျေးရွာမြေပုံ(တည်နေရာ)**



# ၃။အုပ်စုတွင် ပါဝင်သောကျေးရွာစာရင်း

## (က)သရက်သာကျေးရွာ

**၄။ကျေးရွာအခြေခံအချက်အလက်များ**

သရက်သာကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ဝန်းကျင်ခန့်မှ စတင်၍ ဖွဲ့စည်းခဲ့ပါသည်။ ယခင်ကျေးရွာမဖွဲ့စည်းမီက လယ်ယာလုပ်ကိုင်ကြသူများအနည်းငယ် အစုဖွဲ့၍ နေထိုင်ခဲ့ကြသည်။

တဖြည်းဖြည်းများပြားလာပြီး ခေါင်းဆောင်ဦးချမ်းသာမှ ပေးခဲ့သော နာမည်ဖြစ်သည်ဟု သိရပါ သည်။ ထိုအချိန်မှစ၍သရက်သာကျေးရွာဟု ခေါ်ထွင်ခဲ့ပါသည်။ဗမာလူများစတင်တည်ထောင်ပြီး လက်ရှိအချိန်ထိ ဗမာလူမျိုးများ နေထိုင်ကြပါသည်။

သရက်သာကျေးရွာသည် မြောင်မြို့နှင့်(၁၆)မိုင် (၅)ဖာလုံခန့်ကွာဝေးပါသည်။ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းမှာအများအားဖြင့် မြေသားလမ်းများဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ဝင်ငွေအသင့်အတင့် ကောင်းမွန်မှုရှိပါသည်။ဘာသာတရားကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီကြပါသည်။

**ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ**

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၄၃ | ၄၈၂ | ၆၁၃ | ၁၀၉၅ |

**ထိခိုက်လွယ်အုပ်စု**

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၆၁ | ၃၀ | ၅၁ | |
| အမျိုးသမီးဦးဆောင် | ၃၂ | - | | |
| မသန်စွမ်း | ၄ | ၂ | ၂ | ၄ |
| မြေယာမဲ့ | ၅၄ | | | |

**ကျေးရွာရှိအခြေခံ အဆောက်အအုံများ**

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား/စေတီ | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | √ | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး ၅၇ | ကျွဲ | ဆန်စက် | လက်လုပ်လက်စား |
| ပဲအမျိုးမျိုး ၃၃၅ | ဝက် ၆၅ | ချွေလှေ့စက် ၅ | ပြောင်းရွှေ့လုပ်သား ၂၅ |
| နှမ်း | နွား ၄၀၀ | ဈေးဆိုင် ၄ | - |
| ပြောင်းဖူး ၁ | | မြေပဲခွဲစက် ၃ | |
| | | | |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/လက်ရေတွင်း | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၉၃ ဧက | - | - | မရှိ | ၁၈၀ | ၂၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဆိုင်ကယ် | ကုန်စုံဆိုင် (အငယ်) | လက်ဖက်ရည်ဆိုင် | ချွေလှေ့စက် | ပဲခွဲစက် | - |
| အရေအတွက် | ၆၀ | ၃ | ၂ | ၅ | ၃ | |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀ | ၉၅ | ၉၅ | - | ၄၀၀ | ၁၇၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဂွန်ဒေါင်း | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ထော်လာဂျီ |
| အရေအတွက် | ၄၈ | ၆၀ | ၂၀ | ၅၀ | ၃ | ၅ |
| | | | | | | |

### အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | မူလတန်းကျောင်း | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | | ၂၀ | ၅၀ | - | - |
| | | | | | | | |
| | | | | | | | |

### ၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၁၆.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု | ၂၅ | ၄၁ | ၆၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြိုက္ခဒိန်(seasonal ccalendar) | ၁၆.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး (အုပ်စု ၁) | ၂၄ | ၄၀ | ၆၄ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊နေ့စားလုပ်ငန်းများ မွေးမြူရေးလုပ်ငန်းများ၊အစားအစာရရှိမှုများနှင့်ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြနှင့်သယံဇာတပြမြေပုံ(social map/ Resource map) | ၁၆.၁၂.၂၀၁၆ | ရပ်မိရပ်ဖများ၊ ချမ်းသာ၊အလယ်အလတ်နွမ်းပါး၊အနွမ်းပါးဆုံး (အုပ်စု ၂) | ၂၄ | ၄၁ | ၆၅ | အိမ်များ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၁၆.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု | ၂၄ | ၃၄ | ၅၈ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများမည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၆.၁၂.၂၀၁၆ | ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု (အမျိုးသား/သမီး)ပေါင်း | ၂၄ | ၃၄ | ၅၈ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု | ၁၆.၁၂.၂၀၁၆ | ကျေးရွာလူထု | ၂၃ | ၃၃ | ၅၆ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၇ | အဓိက အခက်အခဲပြဿနာများ | ၁၇.၁၂.၂၀၁၆ | အမျိုးသမီးစု | | ၁၁၀ | ၁၁၀ | ဆွေးနွေးထားသော အခြေခံအဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ၊ ပညာရေး ကျန်းမာရေး |
| ၈ | အဓိက အခက်အခဲပြဿနာများ | ၁၇.၁၂.၂၀၁၆ | အမျိုးသားစု | ၇၉ | | ၇၉ | ဆွေးနွေးထားသော အခြေခံအဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ၊ ပညာရေး ကျန်းမာရေး |
| ၉ | ကျေးရွာ၏(၅)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၁၇-၁၂--၁၆ | ချမ်းသာ၊အလယ်အလတ် နွမ်းပါး၊အနွမ်းပါးဆုံး ရပ်မိရပ်ဖ၊လူငယ်အုပ်စု (အမျိုးသား/သမီး)ပေါင်း | ၇၉ | ၁၁၀ | ၁၈၉ | အကျိုးပြုဦးရေအကျိုးခံစားခွင့်နှင့် အဓိကလိုအပ်ချက်များ ပေါ်မူတည်၍ဆုံးဖြတ်သည်။ |


## ၆.၁။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | စိုက်ပျိုးမြေ(၁၀)ကေနှင့်အထက်၊စက်ပစ္စည်း၊ ခိုင်းနွား(၄)ကောင်၊လယ်ထွန်စက်ပိုင်ဆိုင်သူ | ၂၃ | ၉.၅% |
| အလယ်အလတ် | စိုက်ပျိုးမြေ(၅)ကေနှင့်အောက်၊နွား(၂)ကောင်၊စက်ပစ္စည်းအချို့ပိုင်ဆိုင်သူများ | ၇၆ | ၃၁.၅% |
| နွမ်းပါး | နွားမ(၂)ကောင်ခန့်၊ မြေ(၃)ကေနှင့်အောက် | ၉၀ | ၃၇% |
| အလွန်နွမ်းပါး | မြေယာမဲ့ လက်လုပ်လက်စား | ၅၄ | ၂၂% |
| စုစုပေါင်း | | ၂၄၃ | ၁၀၀% |

### သုံးသပ်ချက်

ကျေးရွာတွင်ဆင်းရဲချမ်းသာအဆင့် (၄)ဆင့်သတ်မှတ်ပြီး အဆင်ပြေဆုံးအိမ်ထောင်စု ၂၃ စုနှင့် အလွန်နွမ်းပါးသောအိမ်ထောင်စု ၅၄ စုရှိပါသည်။နွမ်းပါးဆုံးမိသားစုများမှာ ပုံမှန်ဝင်ငွေမရှိ၍ အဆင မပြေခြင်း၊ လုပ်ကိုင်စားသောက်ရန် အရင်းအနှီးမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း ကြောင့်စီးပွားရေးခက်ခဲခြင်းများ ဖြစ်ရပါသည်။ စီးပွားရေးအခက်အခဲ အဆင်ပြေစေရန် ၄င်းတို့ လုပ်အားခရနိုင်သော စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်ပြီး ထိုသူတို့၏လိုအပ်ချက်၊တင်ပြချက် များကိုအလေးထားစဉ်းစားသင့်ပါသည်။ ဝင်ငွေရရှိသောလုပ်ငန်းများတွင် နွမ်းပါးဆုံးမိသားစုများအား ဦးစားပေးလုပ်ဆောင်စေသင့်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ရှိနိုင်ရန် မြို့နယ်တာဝန်ရှိသူ များမှစက်မှုလက်မှုသင်တန်းများပေးစေချင်ပါသည်။

## ၆.၂။ရာသီစွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



**သုံးသပ်ချက်**

**ရာသီဥတု-** သရက်သာကျေးရွာတွင် နွေမိုး၊ဆောင်းရာသီဥတု(၃)မျိုးရှိပါသည်။ ဝါဆိုလမှ တန်ဆောင်မုန်းလ အထိ မိုးများရွာသွန်းတတ်ပြီးဝါဆိုလမှ တော်သလင်းလအထိ မြစ်ရေကြီးမှုဒဏ် ခံရပါသည်။

**စီးပွားရေး-**တပေါင်း၊တန်ခူး၊ကဆုန်လများတွင် သီးနှံများ ရိတ်သိမ်းချိန်၊မြေပဲသိမ်းချိန် ဖြစ်သဖြင့် ဂင်ငွေ ရရှိမှု များပါသည်။ဂင်ငွေရရှိမှုတွင် အမျိုးသမီးများ ၈၀% ခန့် ပါဂင်လုပ်ဆောင်ကြပါသည်။နယုန်လနှင့် တပိုတွဲလတို့တွင် ဂင်ငွေအသင့်အတင့်ရှိပါသည်။နတ်တော်၊ပြာသိုလများတွင် ဂင်ငွေနည်းပါသည်။ ဂါဆိုလ၊ ဂါခေါင်လ၊တော်သလင်းလများတွင် မြစ်ရေတိုးချိန်ဖြစ်သဖြင့် ဂင်ငွေမရရှိနိုင်ပါ။

**ကျန်းမာရေး-**ဂါဆိုလ၊ဂါခေါင်လ၊တော်သလင်းလနှင့် သီတင်ကျွတ်လများတွင် ဖျားနာမှုများရှိပါသည်။ တော်သလင်းလတွင် တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုများပါသည်။


**ပွဲတော်-**တန်ခူးလတွင်သင်္ကြန်ပွဲကျင်းပပြီး သက်ကြီးပူဇော်ပွဲကျင်းပကြပါသည်။ကဆုန်လ၊နယုန်လနှင့် သီတင်ကျွတ်လများတွင် ဘုရားဆွမ်းချပွဲရှိပါသည်။

**စိုက်ပျိုးရေး** - အဓိက စီးပွားရေးလုပ် ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ တန်ခူးလတွင် ပြောင်းဖူးစိုက်ပျိုး၍နယုန်လတွင် ရိတ်သိမ်းကြပါသည်။တော်သလင်းလ တွင်မတ်ပဲ စိုက်ပျိုး၍ပြာသိုလတွင်သိမ်းပါသည်။သီတင်းကျွတ်လနှင့်တန်ဆောင်မုန်းလတွင်မြေပဲစိုက်၍တပေါင်းလ နှင့် တန်ခူးလများတွင် မြေပဲသိမ်းပါသည်။သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် အမျိုးသမီးများ၏ ပါဝင်မှု ၅၀% ဖြစ်ပါသည်။ကျေးရွာရှိ အိမ်ထောင်စု၏ ၇၀% ခန့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ယခင်နှစ်မှရရှိသောမျိုးစေ့ကိုပြန်လည်စိုက်ပျိုးရသဖြင့် ထွက်နှုံးနည်းပါသည်။ မြေဆောင်ရောဂါဖြစ်ပွားခြင်းကြောင့် မြေ ညံ့သည့်နေရာများတွင် မြေပြုပြင်နည်းများလိုအပ်ပါသည်။ မျိုးကောင်းမျိုးသန့်ရရှိရန်နှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းရန် နည်းပညာများလိုအပ်ပါသည်။အချို့သော တောင်သူများမှာစီးပွားရေးအခက်အခဲရှိသဖြင့် စိုက်ပျိုးစရိတ်မလုံလောက်မှုများလည်းရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး**-တန်ဆောင်းမုန်းလမှစ၍နယုန်လအထိ လမ်းကောင်းပါသည်။ဝါဆိုလ၊ဝါခေါင်၊ တော်သလင်းလများတွင် မြစ်ရေတိုးသဖြင့် စက်လှေဖြင့် သွားလာ ရပါသည်။ထိုလများတွင် ရွာတွင်းလမ်းများသွားလာရ အလွန်ခက်ခဲပါသည်။ သီတင်းကျွတ်လတွင် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းပါသည်။

**မွေးမြူရေး**- စားကျက်မြေရှားပါသောကြောင့် နွားမွေးမြူရေးကို တနိုင်တပိုင်သာမွေးမြူကြပါသည်။ အစာရေစာရှားပါးသောအခက်အခဲရှိပါသည်။ အမျိုး သမီးများသည် မွေးမြူရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်မှု၆၀%ခန့်ရှိပါသည်။ ကျေးရွာအိမ်ထောင် စု၏ ၃၅%ခန့် မွေးမြူရေးလုပ်ငန်း လုပ်ဆောင်ကြပါသည်။မွေးမြူရေးလုပ်ငန်းမှ မိသားစု စားဝတ်နေရေး အတွက် တစ်နှစ်လျှင် (၃)သိန်းခန့် ရရှိပါသည်။

## ၆.၃။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



## သုံးသပ်ချက်


ချမ်းသာသူ၊ဆင်းရဲသူလူတန်းစားအားလုံး ကျေးရွာအတွင်း ပြန့်ကျဲစွာ နေထိုင် ကြပါသည်။ ရွာအဝင်လမ်းမကြီးသည် ကျောက်ချောလမ်းဖြစ်ပြီး ကျန်ရှိသော လမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ပါသည်။ စိုက်ပျိုးရေနှင့်သောက်သုံးရေ လုံလောက်မှုရှိသော်လည်း သံချေးဓာတ်ပါသဖြင့် ရေပါသောကြောင့် ညသိပ်ပြီး ရေ ကိုသာသောက်သုံးရပါသည်။ ကျေးရွာစာကြည့်တိုက်နှင့် အုပ်ချုပ်ရေးမှူးရုံးမရှိပါ။ လ္ဘက်ရည်ဆိုင်၊ ဈေးဆိုင်ငယ်၊ စက်ချုပ်ဆိုင်များရှိပါသည်။ လက်သမား ၊ပန်းရံ ကျွမ်းကျင်လုပ်သားအနည်းငယ်ရှိပါသည်။သဲ၊ကျောက် သဘာဝအရင်းမြစ်ရရှိမှု မရှိပဲ ရွာမြောက်ဘက် ချောင်းမှရေကုန်သည့်အခါ သဲအနည်းငယ်ရယူသုံးစွဲနိုင်ပါသည်။သံဂဟေဆိုင်၊ပဲခွဲစက် ၊ချွေလှေ့စက်များ ကိုကျေးရွာတွင်ရယူသုံးစွဲနိုင်ပါသည်။ သရက်သာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း ရှိပါသည်။အလယ်တန်းနှင့် အထက် တန်းပညာရေးကို ကျေးရွာနှင့်(၄)ဖာလုံခန့် ကွာဝေးသော

ကျောက်ရစ်ကျေးရွာ(အ.ထ.က)သို့ သွား ရောက်သင်ကြားရပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးမတ်ပဲနှင့်မြေပဲကိုအဓိကစိုက်ပျိုးသည်။ ကြက်၊ဝက်၊နွားတို့ကိုတစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။လက်လုပ်လက်စားမိသားစုအချို့မှာကျေးရွာစိုက်ပျိုးရေးလုပ်ငန်းအားချိန်ဖြစ်သော ဝါခေါင်လ၊ တော်သလင်းလ ၊သီတင်းကျွတ်လများတွင် အခြားဒေသများသို့သွားရောက် လုပ်ကိုင် ကြပါသည်။

**အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ**

မိုးရာသီတွင် ရေကြီးရေလျှံမှုများကြောင့် လမ်းများအားလုံး သွားလာရခက်ခဲပါသည်။ မျိုးမသန့် ၍ထွက်နှုန်းလျော့ခြင်း၊စိုက်ပျိုးစရိတ်မလုံလောက်ခြင်း၊မြေပြုပြင်နည်းနှင့် ဖျက်ပိုးကာကွယ်နည်းပညာများ လိုအပ်ခြင်း၊ အလုပ်သမားရှားပါးခြင်း အခက်အခဲများရှိပါသည်။အချို့ မိသားစုများမှာ အလုပ် အကိုင် ရှားပါးသဖြင့်စီးပွားရေးအဆင်မပြေမှုများ ရှိပါသည်။

**၆.၄။ဗင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်**




## သုံးသပ်ချက်

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့တို့မှ ပညာရေးကိုတိုးတက်အောင် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက် ကြပါသည်။သက်ကြီးပူဇာအဖွဲ့၊ကိုးဆယ်ပရဟိတအဖွဲ့၊ဓမ္မစကြာအဖွဲ့ မုဒိတာပရဟိတနှင့်ကာလသားအသင်းများသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာ၏ဘာသာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာလူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့မှ မြို့နယ်လူထုဗဟိုပြုစီမံကိန်းနှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မမြမေအဖွဲ့မှာ ကျေးရွာအမျိုးသမီးများ၏ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ကြပါသည်။ ဆေးခန်းဆောက်လုပ်ရန် ဆေးခန်းကြီးကြပ်မှု ကော်မတီဖွဲ့စည်းထားပါသည်။မြို့နယ်ထွေအုပ် အဖွဲ့နှင့်ချိတ်ဆက်မှု အားကောင်းပါသည်။တိုက်နယ်ရဲစခန်း၊တိုက်နယ် ကျန်မာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ရှိကြောင်းတွေ့ရပါသည်။Pact Myanmar အသေး စားငွေကြေးဂန်ဆောင်မှုလုပ်ငန်းနှင့်ချိတ်ဆက်၍ ငွေစုငွေချေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်းတွေ့ရပါသည်။မြို့နယ်လူထုဗဟိုပြု စီမံကိန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာနတို့နှင့်လည်း ချိတ်ဆက်ဆောင် ရွက်မှုများရှိကြောင်းတွေ့ရပါသည်။

စိုက်ပျိုးရေးနည်းပညာများ ရရှိရန်၊မျိုးကောင်းမျိုးသန့်များရရှိရန်၊အိမ်တွင်းမှုသင်တန်းများ ရရှိရန် နှင့် အသိပညာဗဟုသုတများ ရရှိရန် သက်ဆိုင်ရာဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၆.၅။ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ခြင်း




## သုံးသပ်ချက်

အမျိုးသားများနှင့် အမျိုးသမီးများတန်တူအခွင့်အရေးရရှိမှုကို သိရှိရန် အဆင့်(၇)ဆင့် သတ်မှတ်ရန်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်ချနိုင်မှု၊ ဝင်ငွေရရှိမှု၊ လုံခြုံမှုနှင့် ဦးဆောင်နိုင်မှု အပိုင်းများတွင် အမျိုးသမီးများမှ အားနည်းကြောင်းတွေ့ရပါသည်။ အိမ်မှုကိစ္စဆောင်ရွက်မှုနှင့် လူမှုရေးဆောင်ရွက်မှု အပိုင်းများတွင် အမျိုးသမီးများကအားသာပြီး ငွေကြေးသုံးစွဲမှုတွင် အမျိုးသားများကပိုကြောင်းတွေ့ရပါသည်။ အမျိုးသမီးများအားအိမ်မှုကိစ္စများဆောင်ရွက်ခြင်ဖြင့် အချိန်မကုန်စေပဲ ဦးဆောင်မှု ၊ဆုံးဖြတ်ချက်ချမှုတို့တွင်ပါဝင်လာအောင် အားပေးကူညီသင့်သည်။အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူရရှိစေခြင်းဖြင့်လည်း အမျိုးသမီးများဝင်ငွေတိုးပွားအောင် ဆောင်ရွက်သင့်ပါသည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်

**အရင်းမြစ်ရယူသုံးစွဲမှု**

| **အမျိုးသား** | **အမျိုးသမီး** | **အမျိုးသားနှင့်အမျိုးသမီး** |
|---|---|---|
| နွား<br>ကား<br>လယ်ထွန်းစက်<br>ထော်လာဂျီ | ဈေးဆိုင်<br>အပ်ချုပ်စက် | ဆိုင်ကယ်<br>စိုက်ပျိုးမြေ<br>လှက်ရည်ဆိုင်<br>မြစ်၊ချောင်း<br>ချွေလှေ့စက်<br>ပဲခွဲစက်<br>စိုက်ပျိုးမြေ<br>စာသင်ကျောင်း |

**အရင်းမြစ်ထိန်းချုပ်မှု**

| **အမျိုးသား** | **အမျိုးသမီး** | **အမျိုးသားနှင် အမျိုးသမီး** |
|---|---|---|
| နွား<br>မြစ်<br>ချောင်း<br>လယ်ထွန်စက်<br>ထော်လာဂျီ<br>ဆိုင်ကယ်<br>ချွေလှေ့စက်<br>ပဲခွဲစက်<br>ကား<br>စာသင်ကျောင်း | ဈေးဆိုင်<br>အပ်ချုပ်စက် | လှက်ရည်ဆိုင်<br>စိုက်ပျိုးမြေ |

**သုံးသပ်ချက်**

နွား၊ ကား ၊လယ်ထွန်စက်၊ ထော်လာဂျီတို့ကိုအမျိုးသားများသုံးစွဲကြပြီး အများစုကို အမျိုးသားများက ထိန်းချုပ်ကြသည်။ ဈေးဆိုင်၊အပ်ချုပ်စက်တို့ကို အမျိုးသမီးများက သုံးစွဲပြီး အမျိုးသမီးများ ကိုယ်တိုင် ထိန်းချုပ်ကြသည်။ ဆိုင်ကယ်၊ စိုက်ပျိုးမြေ၊ လ္ဘက်ရည်ဆိုင်၊ ဆန်စက်၊ ချွဲလှေ့စက်၊ ပဲခွဲစက်၊ မြစ် ၊ ချောင်း တို့ကို အမျိုးသားနှင့်အမျိုးသမီးအတူသုံးစွဲကြပြီး ရောင်းချခြင်း၊ပြင်ဆင်ခြင်းကို အမျိုးသားများက ဦးဆောင်သည်။

အမျိုးသားများက ဦးဆောင်ထိန်းချုပ်မှုများကြောင်း တွေ့ရသည်။အမျိုးသမီးများဆုံးဖြတ်ချက်ချ နိုင်ရန် နှင့်ကိုယ်တိုင်ဦးဆောင်နိုင်ရန် အပိုင်းများတွင် အမျိုးသားများနှင့် ပူးပေါင်းဆွေးနွေးပြီး တန်းတူ အခွင့် အရေးရရှိနိုင်ကြောင်းအသိပညာများပေးခြင်းဖြင့်စွမ်းဆောင်ရည်မြှင့်တင်ပေးသင့်ပါသည်။

**၆.၇။ဦးစားပေးအစီအစဉ်ပြဇယား**

**အမျိုးသားနှင့်အမျိုးသမီးများ၏အခက်အခဲများ**

**အမျိုးသားအခက်အခဲများ**

၁။ လျှပ်စစ်မီးမရှိသဖြင့်ပညာရေး၊လူနေမှုဘဝနိမ့်ကျခြင်း

၂။ ရွာတွင်းလမ်းများမကောင်းသဖြင့် သွားလာရခက်ခဲခြင်း

၃။ သောက်သုံးရေတွင်သံချေးနံ့ပါသဖြင့်ကျန်းမာရေးထိခိုက်နိုင်ခြင်း

၄။ စာကြည့်တိုက်မရှိခြင်း

၅။ အုပ်ချုပ်ရေးမှူးရုံးမရှိခြင်း

၆။ စိုက်ပျိုးမြေပြုပြင်နည်းနှင့် ပိုးမွှားနှိမ်နင်းရန်နည်းပညာများလိုအပ်ခြင်း

၇။ အသက်မွေးဝမ်းကြောင်းသင်တန်းများမရရှိခြင်း (စက်ပြင်၊ ဝပ်ရှော့)

**အမျိုးသမီးအခက်အခဲများ**

၁။ လျှပ်စစ်မီးမရရှိသဖြင့်လူနေမှုဘဝနိမ့်ကျခြင်း

၂။ ရွာလမ်းများမကောင်းသဖြင့်သွားလာရခက်ခဲခြင်း

၃။ သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း

၄။ စိုက်ပျိုးစရိတ်မလုံလောက်ခြင်း

၅။ သီးနှံမျိုးကောင်းမျိုးသန့်များမရရှိခြင်း

၆။ စာကြည့်တိုက်မရှိသဖြင့်ဗဟုသုတနည်းခြင်း

၇။ အိမ်တိုင်းစေ့ယင်လုံအိမ်သာမရှိသဖြင့်ကျန်းမာရေးထိခိုက်နိုင်ခြင်း

၈။ အသက်မွေးဝမ်းကြောင်းသင်တန်းများမရရှိခြင်း (စက်ချုပ်၊ဇာထိုးပန်းထိုး)

၉။ ကျေးရွာဈေးမရှိသဖြင့်ဒေသထွက်သီးနှံများအချိန်မီမရောင်းချနိုင်ခြင်း

**အမျိုးသားနှင့်အမျိုးသမီးများ၏ မျှော်မှန်းချက်များ**

**အမျိုးသားမျှော်မှန်းချက်များ**

၁။ အိမ်တိုင်းစေ့လျှပ်စစ်မီးလင်းရန်

၂။ ရွာတွင်းလမ်းအားလုံးရာသီမရွေးသွားနိုင်ရန်

၃။ သောက်သုံးရေသန့်ကို အိမ်တိုင်ရာရောက်ပိုက်လိုင်းဖြင့်ရရှိရန်

၄။ ပြည့်စုံကောင်းမွန်သောစိုက်ပျိုးရေးနည်းလမ်းကောင်းများ

၅။ စာကြည့်တိုက်တည်ဆောက်ပြီးရန်

၆။ အုပ်ချုပ်ရေးမှုးရုံးတည်ဆောက်ပြီးရန်

၇။ သီးနှံမျိုးကောင်းမျိုးသန့်များရရှိရန်

၈။ အသက်မွေးဝမ်းကြောင်းသင်တန်းများရရှိရန် (စက်ပြင်၊ ဝပ်ရှော့)

**အမျိုးသမီးမျှော်မှန်းချက်များ**

၁။ အိမ်တိုင်းစေ့လျှပ်စစ်မီးလင်းရန်

၂။ ရွာတွင်းလမ်းအားလုံးရာသီမရွေးသွားနိုင်ရန်

၃။ သောက်သုံးရေသန့်ကို အိမ်တိုင်ရာရောက်ပိုက်လိုင်းဖြင့်ရရှိရန်

၄။ စိုက်ပျိုးစရိတ်နှင့်သီးနှံမျိုးကောင်းမျိုးသန့်လုံလောက်စွာရရှိနိုင်ရန်

၅။ စာကြည့်တိုက်တည်ဆောက်ပြီးရန်

၆။ အိမ်တိုင်းစေ့ယင်လုံအိမ်သာအသုံးပြုရန်

၇။ အသက်မွေးဝမ်းကြောင်းသင်တန်းများရရှိရန် (စက်ချုပ်၊ဇာထိုးပန်းထိုး)

၈။ ကျေးရွာဈေးတည်ဆောက်ပြီးရန်

**သရက်သာကျေးရွာအမျိုးသား၊အမျိုးသမီးများဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

၁။ ကျေးရွာတွင်းလမ်းများလျှပ်စစ်မီးသွယ်တန်းခြင်း

၂။ ကျေးရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း

၃။ သောက်ရေတွင်းတူးခြင်းနှင့်ရေစင်တည်ဆောက်ခြင်း

၄။ စာကြည့်တိုက်တည်ဆောက်ခြင်း

၅။ အသက်မွေးဝမ်းကြောင်းသင်တန်းများရရှိရန်

**လုပ်ဆောင်မှုများ**

ကျေးရွာအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအတွက် အဓိကဦးစားပေးပြဿနာများ ဖော်ထုတ်ရာတွင် အမျိုးသား/သမီးများ တင်ပြလာသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းအဖြစ် အဆင့်သတ်မှတ်၍ ကျေးရွာလူထု၏ သဘောတူညီမှုဖြင့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ပါသည်။ အမျိုးသားများ တင်ပြလာသော ပြဿနာများနှင့် အမျိုးသမီးများ တင်ပြလာသော ပြဿနာများကို အနည်းဆုံး(၅) ခုအထိ တင်ပြဆွေးနွေးခဲ့ပါသည်

## ကော်မတီဂင်များ ရွေးချယ်ခြင်းဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ






ပြုစုသူ

ဒေါ်ယဉ်ဝင်းသန့်(လူထုစည်းရုံးရေးမှူး)

**ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ၊ပြောင်းလဲမှုညွှန်းကိန်းနှင့် အနှစ်ချုပ်**

| စဉ် | ပြဿနာ | အခွင့်အရေး | လက်ရှိအခြေအနေ | ပြောင်းလဲမှုညွှန်ကိန်း |
|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းတောင်မြောက်ဂျင်းလမ်းအရည်အသွေးမြင့်ပြင်ဆင်ခြင် ( ၂၀၁၆ ပထမဦးစားပေးစီမံကိန်း) | လူထုဗဟိုပြုစီမံကိန်း မှ ပြုပြင်ထိန်းသိမ်းစရိတ်တောင်းခံခြင်း၊ ကော်မတီများဖွဲ့စည်းထားခြင်း။ | ကလေးများ စာကိုလုံခြုံစိတ်ချစွာစာမသင်ကြားနိုင်ခြင်း၊ ခြံစည်းရိုးမှာပျက်စီးနေခြင်း | ကျောင်းသား/သူများ လုံခြုံစိတ်ချစွာ စာသင်ကြားနိုင်ခြင်း။လုံခြုံစိတ်ချသော အဆောက်အဦးဖြစ်ပေါ်လာ။ |
| ၂။ | ရွာတွင်းလမ်းများလျှပ်စစ်မီးသွယ်တန်းခြင်း( ၂၀၁၇ ပထမဦးစားပေးစီမံကိန်း | လျှပ်စစ်ဌာနနှင့်ပူးပေါင်းဆောင်ရွက်မည် | လျှပ်စစ်မီးမရှိပါ | လောင်စာအကုန်ကျသက်သာ ၊လူနေမှုဘဝမြင့်မား ၊ သစ်တောကာကွယ်နိုင် ၊ အချိန်ကုန်သက်သာ |
| ၃။ | ကျေးရွာတွင်း လမ်းကျောက်ချောလမ်းခင်းခြင်း | လူထုဗဟိုပြုစီမံကိန်း မှ ပြုပြင်ထိန်းသိမ်းစရိတ်တောင်းခံခြင်း၊ ကော်မတီများဖွဲ့စည်းထားခြင်း။ | ယခုရှိနေသောလမ်းသည် သွားလာရာတွင်ရာသီမရွေးအခက်အခဲရှိခြင်း | ကျေးရွာတွင်းနှင့်အခြားကျေးရွာများသွားလာရေးကောင်းမွန်ခြင်း |
| ၄။ | သောက်ရေတွင်းတူးခြင်းနှင့်ရေစင်တည်ဆောက်ခြင်း | လူထုဗဟိုပြုစီမံကိန်း မှ ပြုပြင်ထိန်းသိမ်းစရိတ်တောင်းခံခြင်း၊ ကော်မတီများဖွဲ့စည်းထားခြင်း။ | သောက်သုံးရေသန့်ရှင်းမှုမရှိပါ | သန့်ရှင်းသောသောက်သုံးရေရရှိပါက ကျန်းမာရေးထိခိုက်မှုမရှိနိုင်ပါ |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | လူထုဗဟိုပြုစီမံကိန်း မှ ပြုပြင်ထိန်းသိမ်းစရိတ်တောင်းခံခြင်း၊ ကော်မတီများဖွဲ့စည်းထားခြင်း။ | စာကြည့်တိုက်မရှိပါ | စာကြည့်တိုက်ရှိသဖြင့် အသိပညာ ဗဟုသုတများတိုးပွားလာပြီးခေါင်းဆောင်ကောင်းများပေါ်ပေါက်လာနိုင်မည် |

## ၇။ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်များ




**ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်**

ဥက္ကဋ္ဌ(ကျား) =ဦးအေးမင်းလွင်(09797184668)

ဥက္ကဋ္ဌ(မ) =ဒေါ်ကြည်(09790796502)

အဖွဲ့ဝင် =ဦးစိုးအောင်

**ဘဏ္ဍာရေးကော်မတီ**

ဥက္ကဋ္ဌ(မ)=ဒေါ်စန်းရွှေ(09787631040)

ငွေကိုင်(က)=ဦးစီပေါ(09979270405)

စာရင်းကိုင်(ကျား)=ဦးအောင်မိုး(09791648719)

အဖွဲ့ဝင်(မ)=ဒေါ်မြင့်မြင့်ခင်(09785955637)

**ဂေဖန်အကြံပြု တိုင်ကြားရေး ကော်မတီ**

ဥက္ကဋ္ဌ(ကျား)=ဦးစိုးမြတ်မင်း(09798815886)

အတွင်းရေးမှူး(မ)=ဒေါ်ကြည်ကြည်မြင့်(09799451612)

အဖွဲ့ဝင်(ကျား)=ဦးအောင်မြင့်

**ဂယ်ယူရေးဆပ်ကော်မတီ**

အဖွဲ့ခေါင်းဆောင်(ကျား)=ဦးခင်မောင်ဇင်(0979896513)

အဖွဲ့ဝင်(မ)=ဒေါ်ရွှေဇင်အိ(09796892705)

အဖွဲ့ဝင်(ကျား)=ဦးသန်းဝင်း(09798867552)

**လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ**

အဖွဲ့ခေါင်းဆောင်(ကျား)=ဦးကျော်အေး(0978920702)

အဖွဲ့ဝင်(မ) =ဒေါ်သန်းငွေ

အဖွဲ့ဝင်(ကျား) =ဦးခင်မောင်ကြည်(09963336935)

အဖွဲ့ဝင်(မ) =ဒေါ်အေးသန္တာ ( 09976682248 )

အဖွဲ့ဝင်(မ) =ဒေါ်မျိုးဝင်းကြည် (09790341754 )

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

အဖွဲ့ခေါင်းဆောင်(ကျား)=ဦးတင်ကိုကိုကျော်(09789279880)

အဖွဲ့ဝင်(မ) =ဒေါ်ခင်ဆွေဝင်း(09785714592)

အဖွဲ့ဝင်(မ) =ဒေါ်သန်းသန်းညို (09402673348 )

အဖွဲ့ဝင်(မ) =ဒေါ်မြကေခိုင် (0931372693 )

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး၊ မြင့်ကျော် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉.၇၈၉၂၈၂၇၄၅ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ယဉ်ဝင်းသန့် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် မြောင် | ကျေးရွာအုပ်စု သရက်သာ | ကျေးရွာ သရက်သာ |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ-- | ၂၄၃ | ဘာသာ (၁) --ဗုဒ္ဓ-- | ၂၄၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၄၈၂ | ၆၁၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၁၁ | ၃၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* [illegible] နေရာရှိ အဆောက်အအုံမရှိ | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာ-မှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| *တ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/(မရှိပါ)/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်---------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်----------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --မြစ်ရေကြီးသဖြင့် အခြား ကျေးရွာသို့ ပြောင်းရွှေ့ခြင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --Pact Myanmar အဖွဲ့

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် မြင့်ဇော်

လက်မှတ် နေ့စွဲ ၁၆.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ပသွဲ့ဝင်းသန့်

လက်မှတ် နေ့စွဲ ၁၆.၁၂.၂၀၁၆

## ပုံစံ - စ -၂ -,စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြ ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ဟဲ့ဝင်းသန့်. | | | |
| နေ့စွဲ ၁၆.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် မြောင် | ကျေးရွာအုပ်စု သရက်ဘာ | ကျေးရွာ သရက်ဘာ . |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့. | ပြီးဆုံးသည့်နေ့. | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၆.၁၂.၁၆ | ၁၆.၁၂.၁၆ | ၇၀ | ၉၂ | ၁၆၂ | ၁၆၂ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၁၂.၁၆ | ၁၇.၁၂.၁၆ | ၇၉ | ၁၁၀ | ၁၈၉ | ၁၈၉ | " |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁၂.၁၆ | ၁၇.၁၂.၁၆ | ၇၉ | ၁၁၀ | ၁၈၉ . | ၁၈၉ | " . |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၃.၁.၁၇ | ၃.၁.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၇.၁.၂၀၁၇ | ၇.၁.၂၀၁၇ | ၈၀ | ၉၆ | ၁၇၆ | ၁၇၆ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၂.၁၇ | ၂၁.၂.၁၇ | ၇၂ | ၇၄ | ၁၄၆ | ၁၄၆ | ဗမာ . |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၁.၂.၁၇ | ၂၁.၂.၁၇ | ၇၂ | ၇၄ | ၁၄၆ | ၁၄၆ | ဗမာ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၁.၂.၁၇ | ၂၁.၂.၁၇ | ၇၂ | ၇၄ | ၁၄၆ | ၁၄၆. | ဗမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၁.၂.၁၇ | ၂၁.၂.၁၇ | ၇၂ | ၇၄ | ၁၄၆ | ၁၄၆ | ဗမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၁.၂.၁၇ | ၂၁.၂.၁၇ | ၇၂ | ၇၄ | ၁၄၆ | ၁၄၆ | ဗမာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အေးအေးမွန် ၊ ဒေါ်ပဒ်ဝင်းသန် | |
| နေ့စွဲ 17-12-2016 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] ကျေးရွာအုပ်စု သရက်သာ ကျေးရွာ သရက်သာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ပညာရေး ကျောင်းဆရာ နောက်ကျ (မီးမရှိ) | ၁ | စက်မှုလုပ်ငန်းများ မလုပ်နိုင်သည့်အတွက် စီးပွားခက်ခဲ |
| ၂ | ကုန်စည် စီးဆင်းမှုအခက်အခဲ (လမ်းမကောင်း) | ၂ | ချို့ငဲ့သူနှင့် ရေကျပြီးချိန်တွင် သွားလာရခက်ခဲ |
| ၃ | စိုက်ပျိုးမှုပိုင်း ပညာ အားနည်းခြင်း | ၃ | သောက်ရေခက်ခဲ ။ |
| ၄ | အလုပ်အကိုင် ရှားပါးခြင်း | ၄ | စိုက်ပျိုးစရိတ်နှင့် မျိုးကောင်းမျိုးသန့် မရှိခြင်း |
| ၅ | အားကစားကွင်း မရှိခြင်း (မြေရာ) | ၅ | အသိပညာမဟုတ်သူ ... အားနည်း (ဆ) [illegible] |

၆။ သောက်ရေတွင်း [illegible]

၆။ ဝေသတ္တုကျက်ကုန်များ [illegible] ပြုစုရေး မရှိ
၇။ ကျန်းမာရေး အတွက် [illegible] ခက်ခဲ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာသိမ်မြှော့ သွားနိုင်သောလမ်း ဖြစ်ချင် | ၁ | အိမ်တိုင်းလျှပ်စစ်မီး လင်း နိုင်ရမည် |
| ၂ | ၂၄ နာရီ လျှပ်စစ်မီး လင်းချင် | ၂ | အိမ်တိုင်း ရာလောက် ရေပိုက်လိုင်း ... ရချင် |
| ၃ | သန့်ရှင်းသော သောက်ရေကို အိမ်တိုင်ရာ ရောက်ချင် | ၃ | ခေတ်မီစနစ် ဖြင့်စိုက်ပျိုးနည်းစနစ်များ ရချင် |
| ၄ | စက်မှုလယ်ယာသုံး ပြီး တိုးတက်ချင် | ၄ | ဈေး ရှိလာနိုင်ရမည် ၊ ဆေးခန်း ရှိလာ [illegible] |
| ၅ | ဈေး၊ အား၊ ကစားကွင်း၊ ဆေးခန်း တိုးချဲ့ပြုလုပ်ချင် | ၅ | [illegible] |

၆။ စက်မှုလုပ်ငန်းများ ကျေးရွာတွင်း ပြည့်စုံချင် ၆။ စိုက်ပျိုးရေးလုပ်ငန်း [illegible]

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ၁။ လျှပ်စစ်မီးလင်းရေး | (အမျိုးသား+အမျိုးသမီး) | 50,000,000 | 1095 |
| ၂ | ၂။ ကျေးရွာတွင်းလမ်း (ကျင်း) | " | 30,000,000 | 1095 |
| ၃ | ၃။ ရေတွင်းနှင့် ရေစင်ပြုလုပ်ခြင်း | " | 10,000,000 | 1095 |
| ၄ | ၄။ စာကြည့်တိုက်တည်ဆောက် | " | | 1095 |
| ၅ | ၅။ ခြင်း / အားကစားကွင်း (မြေမရှိ) | " | | |

၆။ ဈေးတည်ဆောက်ခြင်း (မြေမရှိ) "

၁။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | [illegible] |
| ၂ | [illegible] | အမျိုးသား+အမျိုးသမီး | |
| ၃ | [illegible] | အမျိုးသား | စိုက်ပျိုးရေးကဏ္ဍ |
| ၄ | မျိုးကောင်းမျိုးသန့် [illegible] | အမျိုးသား+အမျိုးသမီး | |
| ၅ | စိုက်ပျိုး [illegible] ပညာ | အမျိုးသား+အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ 17.12.2016

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ယဉ်ဝင်းသန့်၊ ဒေါ်အေးအေးမြင့်

နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် မြောင် | ကျေးရွာအုပ်စု သရက်သာ

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| သရက်သာ | ကျောက်စစ် မိုးလင်းရေး | 64 တိုင် (8520') | 1,095 | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 38,590,065 | 15,000,000 | | | 53590065 |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးအောင်မင်းထွန်း [signature] 17-12-2016

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ။ ။သရက်သာကျေးရွာ

ကျေးရွာအုပ်စု။ ။။သရက်သာကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။မြသိန်းတန်ကျောင်း အာရုဏ်ခံ

နေ့စွဲ ။ ။၁၆.၁၂.၂၀၁၆

အကြောင်းအရာ။ ။ဒုတိယနှစ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ပထမအကြိမ်အစည်းအဝေးပြုလုပ်ခြင်း။

အစည်းအဝေးတက်ရောက်သူ။ ။အမျိုးသား(၇၀)၊ အမျိုးသမီး(၉၂)၊စုစုပေါင်း ၁၆၂

ဆွေးနွေးချက်(၁)။ ။မိတ်ဆက်အစည်းအဝေးတွင် ကျေးရွာဥက္ကဌမှ ကျေးရွာလူထုနှင့် လူထုဗဟိုပြု စီမံကိန်းမှ ဂန်ထမ်းများကို မိတ်ဆက်အဖွင့်အမှာစကားပြောကြားခြင်း။ထို့နောက် ဂန်ထမ်းများမှ အဖွဲ့အစည်းအမည်၊အလှူရှင်အမည်၊အကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာနနှင့် ကျား၊မ ရေးရာ ကဏ္ဍများအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး ကျေးရွာ စေတနာ့ ဂန်ထမ်းရွေးချယ်ခြင်းတွင် ယခင်နှစ်ကတာဝန်ထမ်းဆောင်သူများမှ ဆက်လက်တာဝန်မယူနိုင်ပါက ကျေးရွာလူထုမှပြန်လည် ရွေးချယ်ပေးရမည်ဖြစ်ကြောင်းနှင့် လူထုအားလုံးပါဝင်သော လူမှုဆန်းစစ်ခြင်းများပြုလုပ်ရန် ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက်(၂)။ ။မိတ်ဆက်ဆွေးနွေးမှုအပြီးတွင် ကျေးရွာစေတနာ့ဂန်ထမ်းလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြား၍ ဦးထွန်ထွန်းနိုင်မှဆက်လက်လုပ်ဆောင်နိုင်ပြီး ဒေါ်ဇင်မာခိုင်ကနှုတ်ထွက်ကြောင်းနှင့်ကျေးရွာလူထုကိုယ်တိုင် စေတနာ့ဂန် ထမ်း၊(မ-၁) ကို ရွေးချယ်ရန် ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက်(၁)။ ။စေတနာ့ဂန်ထမ်းရွေးချယ်ခြင်းကိစ္စနှင့်ပတ်သက်၍ တက်ရောက်လာသောကျေးရွာလူထုမှအမှန်တကယ်လုပ်ဆောင်နိုင်သူ၊ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်ပါဂင်စားသူ၊ပြောတတ်ဆိုတတ်ရှိသူများကိုရွေးခြယ်ရန်ပြောကြားပြီး စေတနာ့ဂန်ထမ်း (မ-၁) ကို ဒေါ်မြမြအေးအား ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် လူမှုဆန်းစစ်ခြင်း (လူမှုရေးရင်းမြစ်ပြမြေပုံ၊

ရာသီခွင်ပြဇယား၊ပင့်ကူအိမ်သုံးသပ်ခြင်း၊ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၊ဗန်းကားချပ်(အဖွဲ့အစည်းချိတ်ဆက်မှု)၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု၏အကြောင်းတွင် ပါဝင်သောထူးခြားဖြစ်စဉ်များ အမျိုးသမီးဆိုင်ရာသုံးသပ်ချက်များ၊အသက်မွေးဝမ်းကြောင်းဆိုင်ရာများကို ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။

**သဘောတူညီမှုများ**

(၁)ကျေးရွာသူ/သားများအားလုံး စီမံကိန်းမှ ရရှိလာသော ရံပုံငွေကို ကျေးရွာတွင် အကျိုးရှိစွာ သုံးစွဲရန် သဘောတူခဲ့ပါသည်။

(၂)ကျေးရွာစေတနာ့ဝန်ထမ်း(မ -၁ )ဦးကို ဒေါ်မြမြအေးအား ရွေးချယ်ရန် သဘောတူညီခဲ့ကြပါ သည်။

(၃)ရွေးချယ်ခံရသော စေတနာ့ဝန်ထမ်း(၂)ဦးမှာလည်း အမှန်တကယ် လုပ်ဆောင်နိုင်ကြောင်း သဘောတူခဲ့ပါသည်။

(၄)ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုမှ လူမှုဆန်းစစ်ခြင်း(PRA)အဆင့်များကို ဆွေးနွေးပါသည်။

မှတ်တမ်းတင်သူ

ဒေါ်မြမြအေး

စေတနာ့ဝန်ထမ်း

## စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ။ ။သရက်သာကျေးရွာ

ကျေးရွာအုပ်စု။ ။သရက်သာကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။မြသိန်းတန်ကျောင်း အာရုဏ်ခံ

အကြောင်းအရာ။ ။ဒုတိယနှစ်စီမံကိန်း ဒုတိယအကြိမ်အစည်းအဝေး ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူများ။ ။ကျေးရွာသား(၇၉)၊ကျေးရွာသူ(၁၁)၊ စုစုပေါင်း(၁၈၉)

ဆွေးနွေးချက်များ

ဆွေးနွေးချက်(၁)။ ။ပထမအကြိမ်အစည်းအဝေးတွင် လူမှုဆန်းစစ်ခြင်းများ ပြုလုပ်ရာမှ ရရှိလာသောအခက်အခဲများကို ပြန်လည်တင်ပြပြီး ဒုတိယအကြိမ် လူမှုဆန်းစစ်ခြင်းများ၍ ရရှိသောအခက်အခဲများ စုပေါင်း၍ ဦးစားပေးလုပ်ငန်းခွဲရွေးချယ်ခြင်းများ ပြုလုပ်မည့်အကြောင်းဆွေးနွေးခြင်း။

ဆွေးနွေးချက်(၂)။ ။ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်းကို ပထမနှစ်စက်ဝန်းမှကော်မတီများ တာဝန်မထမ်းဆောင်နိုင်ပါကပြန်လည် ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ကော်မတီဝင်အင်အားတိုး၍ ဖွဲ့စည်းနိုင်ကြောင်းကို ဆွေးနွေးခြင်း။

ဆုံးဖြတ်ချက်များ။ ။ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းမှ ချမှတ်ထားသော ရှောင်ရန်၊ဆောင်ရန်များကိုလိုက်နာကျင့်သုံးမည့်အကြောင်းကော်မတီရွေးချယ်ခြင်းကိုကျေးရွာမှ အမှန်တကယ်လုပ်ဆောင်နိုင်မည့်သူများ၊ကျေးရွာဖွံ့ဖြိုးရေးကို စိတ်ဝင်စားလုပ်ကိုင်နိုင်မည့်သူများအား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအား ကိုယ်စားပြုသောဆပ်ကော်မတီများကို ကျေးရွာလူထုမှ လျှို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်မည်ဖြစ်ကြောင်း၊ထို့နောက် ဒုတိယအကြိမ်လူမှုဆန်းစစ်ခြင်းများ ပြုလုပ်၍ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းများပြုလုပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီမှုများ

(၁)ဒုတိယအကြိမ်လူထုဆန်းစစ်မှုပြုလုပ်ရန် သဘောတူ။

(၂)ပထမနှင့်ဒုတိယအကြိမ်လူမှုဆန်းစစ်ခြင်းမှ ရရှိသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေး လုပ်ငန်းရွေးချယ် ရန်သဘောတူ။

(၃)ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီအား လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် သဘော တူ။

(၄)ထို့နောက်ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီတွင် ပါဝင်သောဆပ်ကော်မတီများ ဖြစ်ကြသောကျေးရွာအုပ်စုစီ/ထောက်ကော်မတီဥက္ကဌ(က၁)(မ၁)နှင့်အဖွဲ့ဝင်(၁)ဦး၊ဝယ်ယူရေးဆပ် ကော်မတီအဖွဲ့ခေါင်းဆောင်(၁)ဦးနှင့်အဖွဲ့ဝင်(၂)ဦး၊လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ် ကော်မတီအဖွဲ့ခေါင်းဆောင်(၁)ဦးနှင့်အဖွဲ့ဝင်(၄)ဦး၊စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ခေါင်း ဆောင်(၁)ဦးနှင့်အဖွဲ့ဝင်(၃)ဦး၊ဂေဖန်အကြံပြုတိုင်ကြားရေးကော်မတီဥက္ကဌ(၁)ဦး၊အတွင်းရေးမှူး(၁)ဦး ၊အဖွဲ့ဝင်(၁)ဦး၊ဘဏ္ဍာရေးကော်မတီဥက္ကဌ(၁)ဦး၊ငွေကိုင်(၁)ဦး၊စာရင်းကိုင်(၁)ဦး၊အဖွဲ့ဝင်(၁)ဦးအသီး သီးရွေးချယ် ရန် သဘောတူညီကြပါသည်။

(၅)ရွေးချယ်ခံရမည့်သူများမှာလည်း အမှန်တကယ်လုပ်ကိုင်နိုင်ကြောင်းသဘောတူညီကြပါသည်။

မှတ်တမ်းတင်သူ

ဒေါ်မြမြအေး

စေတနာဝန်ထမ်း

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁၄.၁။ကျေးရွာမျှော်မှန်းချက် ဆွေးနွေးခန်းမှ ရရှိလာသောရလဒ်**

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်းချက် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်ကောင်း မွန်လာရမည်။လျှပ်စစ်မီးရရှိပြီး အချိန်မရွေးသွားလာနိုင်ကာ၊စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းမှု အသက် မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာရမည်။ |
| အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော် မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်းမှ တိုက်ရိုက်ထောက်ပံ့ငွေကို အသုံးချပြီး သဘာဝဘေး၊ ပညာရေး၊ရွာတွင်းလမ်းများကောင်းမွန်လာစေရန်နှင့် လျှပ်စစ်မီးများ ရရှိလာ လျှင် အလင်းရောင်ရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်း ရှိ လူငယ်များ လမ်းမှား မရောက်စေရန် အတွက် ကျေးရွာစာကြည့်တိုက်တစ်ခု ရှိချင်ပါသည်။အကောင်ထည် မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။မြို့နယ် အတွင်းသို့ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဝင်ရောက်မှုများရှိပါက ကျေးရွာ လိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းခံများပြုလုပ်မည်ဖြစ်ပါသည်။ |

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများ အချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေး တိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်း ကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသ မီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်း ခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသော လုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန် ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ် းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အ မျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီး များသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီး အခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးဣာအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်-သရက်သာကျေးရွာ၊သရက်သာကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | χ | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင် အမျိုးသား/သမီးများ အချိုးညီစွာတက်ရောက်နိုင်ရေး အတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုးရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏ စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့် နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်းရ၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များ က ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး | √ | | |

| | | | | |
|---|---|---|---|---|
| | ရှိပါသလား။ | | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

## ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

### သရက်သာကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းလမ်းများလျှပ်စစ်မီးသွယ်တန်းခြင်း | ကျားမ | -၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာတွင်းလမ်းများကျောက်ချောလမ်းခင်းခြင်း | ကျားမ | | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း - |
| | ၃ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ကျားမ | - | - | - |
| | ၄ | ရေတွင်းနှင့်ရေစင်တည်ဆောက်ခြင်း | ကျား+မ | - | - | - |
| | | အားကစားကါင်းတည်ဆောက်ခြင်း | ကျား+မ | | | |
| | ၅ | ကျေးရွာဈေး | မ | - | - | - |
| အသက်မွေးဝမ်းကြောင်း၊ စိုက်ပျိုးရေး | ၁ | စိုက်ပျိုမြေပြုပြင်နည်းပညာသင်တန်း | ကျားမ | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၂ | ဖျက်ပိုးနှိမ်နင်းရေးနည်းပညာသင်တန်း | ကျားမ | - | - | မြို့နယ်မွေးမြူရေးဌာန |
| | ၃ | စိုက်ပျိုးစရိတ်နှင့်သီးနှံမျိုးကောင်းမျိုးသန့် | ကျားမ | - | - | မြို့နယ်စိုက်ပျိုးရေးဌာန |
| | ၄ | လက်မှုပညာသင်တန်း | ၊မ | - | | -- |
| | ၅ | စက်မှုပညာသင်တန်း | ကျား | - | - | - |
| ကျန်းမာရေးနှင့် အဟာရ | ၁ | သောက်သုံးရေသန့် | ကျားမ | - | | - |
| | ၂ | ယင်လုံအိမ်သာ | ၊မ | - | - | - |
| | ၃ | | | - | -- | - |
| | ၄ | | | - | | - |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | - | - | - |

**(၁၃)သရက်သာကျေးရွာအမျိုးသား၊အမျိုးသမီးများဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

| | |
|---|---|
| ၁ | ကျေးရွာတွင်းလမ်းများလျှပ်စစ်မီးသွယ်တန်းခြင်း ( ကျား + မ) |
| ၂ | ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း ( ကျား + မ ) |
| ၃ | သောက်ရေတွင်းတူးခြင်းနှင့်ရေစင်တည်ဆောက်ခြင်း ( ကျား + မ ) |
| ၄ | ကျေးလက်ဆေးပေးခန်း ( ကျား + မ ) |
| ၅ | စာကြည့်တိုက်တည်ဆောက်ခြင်း ( ကျား + မ ) |
| ၆ | |
| ၇ | |
| | |

VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ--- ကျေးရွာ--- VDP ရက်စွဲ----

မြို့နယ်--- ကျေးရွာအုပ်စု-----

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။(OM အရ )

- မျက်နှာဖုံး(အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့်နောင်လေးနှစ်အတွက် ဦးစားပေး လုပ်ငန်းများစာရင်း(အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုထိန်းသိမ်းမှု...) နောက်ဆက်တွဲများ
- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်(ဖြစ်နိုင်လျှင်)၊မြေပုံများပါ ရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊Venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သော ဦးရေ (အမျိုးသား/အမျိုးသမီး)-
- လူမှုရေးအကဲဖြတ်အရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း(အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်း သားအနည်းစုနှင့်ထိခိုက်လွယ်အဖွဲ့များ)
- အလွန်ကောင်း
- ကောင်း
- ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားထားသလား။
- ရှိ
- မရှိ
- စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

- PRA နှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက်(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)--